# မြန်မာနိုင်ငံ၏ သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် တိုးတက်ပြောင်းလဲမှု ထုတ်ပြန်ကြေညာချက်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MONREC) သည် မြန်မာနိုင်ငံ၏ သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်နှင့် သစ်တောဥပဒေစိုးမိုးမှု အားကောင်းစေရေး ဆောင်ရွက်သွားရန် ကတိကဝတ်ပြုထားပါသည်။ လွန်ခဲ့သည့် ၆ လတာကာလ အတွင်း သစ်တောကဏ္ဍစီမံအုပ်ချုပ်မှုဆိုင်ရာ ဆန်းစစ်အကဲဖြတ်ခြင်း ရလဒ်များအပေါ် ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိပါသည်။

ဥရောပသို့ သစ်တင်ပို့နေသည့်လုပ်ငန်းရှင်များ၏ လိုအပ်သော သတင်းအချက်အလက်များ တင်ပြခြင်း လုပ်ငန်းစဉ်(Due Diligence)ဆောင်ရွက်မှုများအပေါ် ဥရောပသမဂ္ဂ၏ ထောက်ပြတောင်းဆိုမှုများ အား ဖြည့်ဆည်းဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏လက်ရှိကျင့်သုံးနေသည့် တရားဝင်သစ်ဖြစ်ကြောင်း အာမခံသည့်စနစ် (Myanmar Timber Legality Assurance System)၏ လိုအပ်ချက်များ/ကွာဟချက်များကို လေ့လာဆန်းစစ်ပြီးဖြစ်၍ သစ်ထုတ်လုပ်ရေး လုပ်ငန်းစဉ်များ တွင် ဖော်ထုတ်တွေ့ရှိခဲ့သော လိုအပ်ချက်များ/ကွာဟ ချက်များအားလုံးကို ဖြေရှင်းဆောင်ရွက်လျက်ရှိ ပါသည်။ ဖမ်းဆီးရမိသစ်များ၊ မြေအသုံးချမှုပြောင်းလဲ၍ အပြောင်ရှင်းသစ်ထုတ်လုပ်သည့် ဧရိယာ များမှ ထွက်ရှိသည့်သစ်များ၊ လုံခြုံရေးကန့်သတ်ချက်ရှိသည့် ဒေသများမှ ထွက်ရှိသည့်သစ်များအား ပြည်တွင်းလိုအပ်ချက်အား ဖြည့်ဆည်းနိုင်ရေးအတွက် ပြည်ပတင်ပို့ခွင့်ကိုလည်း အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ပိတ်ပင်တားမြစ်ခဲ့ပြီး ဖြစ်ပါသည်။

ထို့အပြင် သစ်ထုတ်လုပ်သည့်ရေးလမ်းကြောင်း ကွင်းဆက်တစ်လျှောက်တွင် တရားဝင်ထိန်းချုပ်မှု အဆင့်ဆင့်အား အဆင့်အလိုက် မှန်ကန်စွာဆောင်ရွက်ထားကြောင်း သက်သေပြနိုင်မည့် စာရွက် စာတမ်းများ ထည့်သွင်းဖော်ပြထားသည့် အမှုတွဲ(Dossier)တစ်စောင်အား အပြီးသတ်ရေးဆွဲလျက် ရှိရာ ၂၀၁၇ ခုနှစ် မကုန်မီ ထုတ်ပြန်သွားမည်ဖြစ်ပါသည်။ ဝယ်ယူသူဘက်မှ တောင်းဆိုမှုရှိခဲ့လျှင် စာရွက်စာတမ်း အထောက်အထားများ ထောက်ပံ့ပေးနိုင်မည့်အပြင် အဆိုပါ အထောက်အထားများ အား အတည်ပြုနိုင်ရန် ဝယ်ယူသူ သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်များအား သစ်ထုတ်လုပ် ခွဲစိတ်ခဲ့သည့် မူလနေရာများသို့ ကွင်းဆင်းလေ့လာနိုင်ရန် ခွင့်ပြုပေးသွားမည်ဖြစ်ပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သစ်တောစီမံအုပ်ချုပ်များ အားကောင်းလာစေရန် ပြုပြင်ပြောင်းလဲမှုများအား နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်နေသကဲ့သို့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့နှင့်ပူးပေါင်း၍ သစ်တောဥပဒေစိုးမိုး ရေးနှင့် တရားမဝင်သစ်ဖမ်းဆီးရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပြီး ပြည်သူပူးပေါင်းပါဝင်သော လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့ခြင်းစနစ်(Community based Monitoring and Reporting System)ဖြင့် ဆောင်ရွက်လျက်ရှိပါရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အောက်တိုဘာလကုန်အထိ တရားမဝင်သစ် စုစုပေါင်း(၂၈၅၀၆)တန် နှင့်

သံသယ တရားခံ(၄၄၀၄)ဦး ဖမ်းဆီးရမိခဲ့ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် (၈၉၄၄)တန်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် (၅၇၁၃)တန်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် (၂၇၂၄)တန်၊ ကချင်ပြည်နယ်တွင် (၁၂၉၈)တန်နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် (၄၉၃)တန် အသီးသီး ဖမ်းဆီးရမိခဲ့ပါ သည်။

ဥရောပသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် သစ်တောဥပဒေ စိုးမိုးမှု၊ စီမံအုပ်ချုပ်မှုနှင့် ကုန်သွယ်မှုတွင် ဆန္ဒအလျောက် မိတ်ဖက်အဖြစ် သဘောတူလက်မှတ်ရေးထိုးရေး လုပ်ငန်းစဉ်များတွင် စေ့စပ်ဆွေးနွေးသည့်အဆင့် စတင်ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ သစ်တောကဏ္ဍနှင့် ဆက်စပ်ပတ်သက်သူအားလုံးမှ လက်ခံနိုင်သည့် သဘောတူညီချက်များ ရရှိစေရန်အတွက် ညှိနှိုင်းဆွေးနွေးမှုများအား တည့်မတ်ပေးနိုင်မည့် အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းကဏ္ဍများမှ ဆက်စပ်ပတ်သက်သူများ အားလုံးပါဝင်သည့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ (Multi-Stakeholder Group)ကို ဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါအဖွဲ့၏ ကနဦးလုပ်ငန်းတစ်ခုမှာ ဆက်စပ်ဥပဒေ၊ စည်းမျဉ်း စည်းကမ်းအားလုံးကို လိုက်နာဆောင်ရွက်ပြီး လိုအပ်သည့် ထိန်းချုပ်ဆောင်ရွက်ချက်များပါဝင်သည့် တရားဝင်သစ် အဓိပ္ပါယ်အား သတ်မှတ်ဖော်ထုတ်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ဥရောပသမဂ္ဂ သစ်ထိန်းချုပ်ရေး စည်းမျဉ်းများ(EUTR) လိုအပ်ချက်များအား ဖြေရှင်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အထက်ဖော်ပြပါဆောင်ရွက်မှုများသည် ဆက်စပ်ပတ်သက်သူအားလုံး သဘောတူညီနိုင်မည့် တရားဝင်သစ်ဖြစ်ကြောင်း အာမခံသည့်စနစ် အားကောင်းလာစေရေးအတွက် အခြေခံဖြစ်ပါသည်။

သစ်တောဦးစီးဌာနမှ ကျင့်သုံးလျက်ရှိသည့် သစ်တောစီမံအုပ်ချုပ်မှုစနစ်သည် သစ်တောများ ရေရှည်တည်တံ့ဖွံ့ဖြိုးပြီး ရေရှည်ထုတ်ယူသုံးစွဲနိုင်သည့် စီမံအုပ်ချုပ်မှုစနစ်ဖြစ်ကြောင်း ပြသနိုင်ရေး ရည်ရွယ်၍ မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ(Myanmar Forest Certifica-tion Committee-MFCC)သည် အပြည်ပြည်ဆိုင်ရာ သစ်တောထောက်ခံချက်ပြုရေး အစီအစဉ် (Programme for the Endorsement of Forest Certification-PEFC)၏ အထောက်အပံ့ဖြင့် နိုင်ငံအဆင့် သစ်တောထောက်ခံချက်ပြုရေးစနစ်ဖွံ့ဖြိုးရေးနှင့် အကောင်အထည်ဖော်ရေးတို့ ဆောင်ရွက်လျက်ရှိပြီး အဆိုပါစနစ်အား ၂၀၁၈ ခုနှစ်တွင် Forest Management Unit-FMU များဖြစ်သည့် သစ်တောခရိုင်များတွင် ရှေ့ပြေးစမ်းသပ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သစ်တောစီမံအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အားကောင်းစေရန်နှင့် တရားမဝင်သစ်ခိုးထုတ်မှုတိုက်ဖျက်ရေးတို့အတွက် နိုင်ငံအဆင့်၊ ဒေသတွင်းအဆင့်နှင့် နိုင်ငံတကာအဆင့်တွင် မိတ်ဖက် အဖွဲ့အစည်းများနှင့် တက်ကြွစွာဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန